# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး

# ၃၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၁ - ၆ - ၂၀၁၆ ]

# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၄ ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်း သောက်ရေခပ်ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ကိုင်ခဲ့ရာတွင် ပလက်ဝချောင်းကူးတံတားသည် ၂၀၁၁ ခုနှစ်တွင် ရေနစ်မြုပ်ခဲ့ပြီး ယနေ့တိုင် ပြန်လည်ဆောက်လုပ်ပေးခြင်း မရှိသဖြင့် ပြည်သူများသွားလာ ဆက်သွယ်ရေးအခက်အခဲများ ရှိနေသည့်အတွက် အရေးတကြီး အမြန်လိုအပ်လျက်ရှိသော ပလက်ဝတံတားကို သတ်မှတ်ချိန်အတွင်း ဆောက်လုပ်ပေးနိုင်ခြင်း** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသော ကြပ်စင်မြစ်ကူးတံတားကို အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်ရန်အတွက် ပြည်နယ်ရန်ပုံငွေမှ ဘဏ္ဍာငွေ ပိုမိုချပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပြည်ထောင်စုရန်ပုံငွေမှ ထပ်ဆောင်း ပံ့ပိုးငွေချပေးရန်** အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) (အဖွဲ့ဝင်၊ ဥပဒေကြမ်း ကော်မတီ)က ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သားကိုယ်စားလှယ် (အဖွဲ့ဝင်၊ ဥပဒေကြမ်း ကော်မတီ)က မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ၃၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၃၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။